ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကြံ့ခင်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း(ဒုတိယနှစ်စက်ဝန်း)

# National Community Driven Development Project (NCDDP)



# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်

# Village Development Plan (VDP)

ကျောက်ပါးစပ်ကျေးရွာ၊ကြို့ပင်စုကျေးရွာအုပ်စု

၂၀၁၇ခုနှစ်　　　　ကြံ့ခင်းမြို့နယ်

မာတိကာ


၁. မြို့နယ်မြေပုံ

၂.ကျေးရွာမြေပုံ (တည်နေရာ)

၃.အုပ်စုတွင်ပါဝင် သောကျေးရွာများစာရင်း

၄.ကျေးရွာအခြေခံအချက်အလက်များ

၅.လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်

(PSA/PRA)အကျဉ်းချုပ်ဇယား

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီ

အတွက်သုံးသပ်ချက်များ

၇.ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈.ကော်မတီဝင်များစာရင်း

၉.ကျေးရွာအချက်အလက် (ပုံစံ-၁)

၁၀.စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)


၁၁.ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂.ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)

၁၃.အစည်းအဝေးမှတ်တမ်းများ


၁၄.ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁. မြို့နယ်မြေပုံ



ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြ မြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရှည်းချောင်း
ကျောက်နီချောင်း
မှုင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ရခိုင် ပြည် နယ်
ကြံခင်းသစ်တောကြိုးဝိုင်း
ဧရာဝတီ မြစ်
ပတော်သစ်တော ကြိုးဝိုင်း
ရွှေသမင်သစ်တော ကြိုးဝိုင်း
မြန်အောင် မြို့ နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂။ကြံခင်းမြို့နယ် ကြို့ပင်စုကျေးရွာအုပ်စုပြမြေပုံ



## ၃. အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း

ကြို့ပင်စုကျေးရွာအုပ်စု တွင်ပါဝင်သော ကျေးရွာများစာရင်း

၁.ကိုင်းသာ ကျေးရွာ

၂. ကံရွာ ကျေးရွာ

၃. ကြို့ပင်စု ကျေးရွာ

၄. ကျောက်ပါးစပ်ကျေးရွာ

၅. ထန်းပင်ခုံကျေးရွာ

၆. လယ်ကျ ကျေးရွာ

တို့ဖြင့် ဖွဲ့စည်း ထားပါသည်။

# ကျေးရွာအခြေခံအချက်အလက်များ

## ကြို့ပင်စု အုပ်စု

### ကျောက်ပါးစပ် ကျေးရွာ

ကျောက်ပါးစပ်ကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ ကြို့ပင်စု အုပ်စုတွင် ပါဝင်သောကျေးရွာတစ်ခု ဖြစ်သည်။ ကြို့ပင်စု အုပ်စုတွင် (၆) ရွာရှိပြီး ကျောက်ပါးစပ်ကျေးရွာသည် တစ်ခု အပါအဝင်ဖြစ်သည်။ ကျေးရွာရှိ လူကြီးများ၏ ပြောပြချက်အရ ကျောက်ပါးစပ်ကျေးရွာရှိ ချောင်းကမ်းပါးတွင် အထပ်လိုက်ရှိနေသောကျောက်ဆောင်ကြီးသည် ပါးစပ်ပုံရှိနေသည်ကို အစွဲပြု၍ ကျောက်ပါးစပ်ကျေးရွာဟု ခေါ်တွင်ကြောင်း သိရပါသည်။

ကျောက်ပါးစပ်ကျေးရွာသည် ရခိုင်ရိုးမ၏ တောင်ခြေတွင် တည်ရှိပြီး ကျေးရွာ၏ ဘေးတွင် ဟားတစ်ရှည်းချောင်းက ဖြတ်သန်းစီးဆင်းလျက်ရှိသည်။ နွေရာသီတွင် ရေခမ်းခြောက်သွားပြီး မိုးရာသီတွင် ရေစီးသန်သောချောင်း ဖြစ်သည်။ ကြို့ပင်စု အုပ်စုသို့ ဟားတစ်ရှည်းချောင်းကို ဖြတ်၍ သွားရသဖြင့် မိုးရာသီတွင် သွားရေးလာရေး ခက်ခဲပြီး နွေရာသီတွင် ရေအခက်အခဲနှင့် ကြုံတွေ့ရပါသည်။

ရွာသူ/သားများသည် လယ်ယာလုပ်ငန်း၊ ပဲခင်း၊ တောင်ယာလုပ်ငန်း၊ သစ်ခုတ်၊ ဝါးခုတ်သော အလုပ်များကို လုပ်ကိုင်ကြရသည်။ ကျေးရွာတွင် အိမ်ခြေ ၃၀ ရှိပြီး ဗမာလူမျိုး (ဗုဒ္ဓဘာသာ)များ နေထိုင်ကြသည်။ အမျိုးသား အိမ်ထောင်ဦးစီး ၂၃ ယောက်ရှိပြီး အမျိုးသမီး အိမ်ထောင်ဦးစီး ၇ ယောက်ရှိသည်။ လူဦးရေမှာ ကျား - ၂၄၀၊ မ - ၂၅၁ ယောက် နေထိုင်ကြောင်း တွေ့ရပါသည်။

ကျေးရွာတွင် မူလတန်းကျောင်းရှိသောကြောင့် ကလေးငယ်များသည် မူလတန်းပညာကို ဆုံးခန်းတိုင်အောင် သင်ကြားရသော်လည်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲ၊ ငွေကြေးအခက်အခဲများကြောင့် အလယ်တန်းနှင့် အထက်တန်းပညာရေးကို ဆုံးခန်းတိုင်အောင် သင်ယူရန် ခက်ခဲရကြောင်း တွေ့ရသည်။ ကျန်းမာရေး မကောင်းလျှင် ကြို့ပင်ခုနစ်စုရှိ ကံ့ဂွာကျန်းမာရေး ဆေးပေးခန်းသို့ သွား၍ ကုသကြရသည်။ နွေရာသီတွင် သွားလာရန် လွယ်ကူသော်လည်း မိုးရာသီတွင် သွားလာရန်ခက်ခဲသောကြောင့် ကျန်းမာရေး မကောင်းလျှင် ဆေးကုသရန် ခက်ခဲကြောင်း သိရှိရပါသည်။

ကျောက်ပါးဆယ်ကျေးရွာသည် မားတက်ရှည်ချောင်းမှ နှစ်ခွ ခွဲထွက်ပြီး ကျေးရွာကို ရေတိုက်စားနေသောကြောင့် ကမ်းပါးပြို၍ နေအိမ်များ ရွှေ့ပြောင်းနေရပါသည်။ အချို့မှာ တောင်ပေါက်ရွာသို့ ရွှေ့ပြောင်းနေရပြီး အချို့မှာ တောအကောက်တွင် နေရပါသည်။ တောင်ပေါက်ရွာသည် ရေဝေးနေသဖြင့် ရေအခက်အခဲတွေ့ကြုံရင်ဆိုင်နေရပါသည်။ ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းကို သယ်ရပ်သားနားကျွာ တွေ့ရှိခဲ့ရသဖြင့် ဘာသာတရား၊ ထွန်းကားသော ကျေးရွာလေး ဖြစ်ကြောင်း သိရှိရပါသည်။

ရွာသူ/သားများသည် အလုပ်အကိုင်ရှားပါးသောကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန် ဆန္ဒရှိနေကြသည်။ လမ်းပန်းဆက်သွယ်ရေး အခက်အခဲ၊ ချောင်းရေတိုက်စားနေသော အခက်အခဲ၊ ပညာရေး အခက်အခဲ၊ ကျန်းမာရေး အခက်အခဲ၊ များ နှင့် ရင်ဆိုင်နေရသောကြောင့် ထိုအခက်အခဲများမှ လွတ်မြောက်ရန် မျှော်မှန်းလျက်ရှိသည်။ ရွာသူ/သားများသည် ကိုးသားပွင့်လင်းစွာ ပြောဆိုတတ်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် တက်ကြွစွာ ပူးပေါင်းပါဝင်ကြောင်း တွေ့ခဲ့ရပါသည်။

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း


လုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝအရင်းမြစ်ပြမြေပုံ (Social map & Resource map) | 17-1-2017 | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ရပ်ရွာလူထုများ | 6 | 5 | 11 | -ဒေသတွင်းသဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦများ<br>-ဘာသာရေးအဆောက်အဦများ<br>-လမ်းပမ်းဆက်သွယ်ရေး |
| ၂။ | ရာသီခွင်ပြပြက္ခဒိန် (Seasional Calendar) | 17-1-2017 | ကော်မတီဝင်များ၊ရပ်ရွာလူထုများ | 7 | 5 | 12 | -ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်ကိုင်အခွင့်လမ်းများ၊ပွဲတော်များ၊ သဘာဝဘေးများ၊လယ်ယာလုပ်ငန်းနှင့်အခြားလုပ်ငန်းများ |
| ၃။ | လူမှုစီးပွားအဆင့်သက်မှတ်ခြင်း (Wealth Ranking) | 17-1-2017 | ချမ်းသာ၊ အလယ်အလက်နွမ်းပါးအုပ်စုများ | 6 | 5 | 11 | -ကျေးရွာ လူမှုစီးပွားအုပ်စုများခွဲခြားသက်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ အများသဘောတူသက်မှတ်နိုင်ရေး<br>-ကျေးရွာ၏လူမှုစီးပွားအခြေအနေ |
| ၄။ | အဖွဲ့ စည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | 17-1-2017 | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊အခြားအဖွဲ့ တွင်ပါဝင်သူများ | 8 | 5 | 13 | -ကျေးရွာတွင်း ၊ပြင်ရှိအဖွဲ့ အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅။ | ပင့်ကူအိမ်ကွန်ယက်<br>(Cobweb) | 17-1-2017 | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသ<br>မီးများ | 5 | 5 | 10 | -နေ့စဉ်ဘဝအတွက်ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့ပါဝင်မှုအချိုး<br>-အမျိုးသားနှင်.အမျိုးသမီးတန်းတူအခွင့်ရေး ရရှိနိုင်မှုပေါ်သုံးသက်ခြင်း |
| ၆။ | အရင်းမြစ်များအပေါ်<br>အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့်ဆုံးဖြတ်နိုင်မှု<br>(Assent Mapping) | 17-1-2017 | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | 4 | 5 | 9 | -အရင်းမြစ်များပေါ်တွင်(အမျိုးသားနှင့်အမျိုးသမီးများ)အသုံးပြုနိုင်မှုနှင့်ထိန်းချုပ်မှုသည်မည်သည့်အကြောင်းကြောင့်နည်း။မည်သို့ညီမျှစွာခံစားခွင့်ရမည်နည်း။ |
| ၇။ | အခက်ခဲပြသနာ<br>(Problem) | 17-1-2017 | ကော်မတီဝင်မျ<br>ား<br>နှင့်ရပ်ရွာလူထုများ | 18 | 15 | 33 | -ဒေသဖွံ့ဖြိုးရေးအတွက်အနှောင့်အယှက်အတားဆီး၊အခက်ခဲများ<br>-လိုအပ်ချက်များ |
| ၈။ | ကျေးရွာမျော်မှန်းချက်<br>(Village Vision) | 17-1-2017 | ကော်မတီဝင်မျ<br>ား<br>နှင့်ရပ်ရွာလူထုများ | 18 | 15 | 33 | -ဒေသဖွံ့ဖြိုးရေးအတွက်ဘာတွေကိုမျော်မှန်းထားသလဲ<br>-ဘာကြောင့်မျော်မှန်းထားမှု |
| ၁၀ | ကျေးရွာ<br>ဦးစားပေး<br>လုပ်ငန်း | 17-1-2017 | ကော်မတီဂင်မျ<br>ား၊<br>ရပ်ရွာလူထုများ၊<br>တက်ရောက်သူအားလုံး | | | | အကျိုးပြုဦးရေအကျိုးခံစားခွင့်<br>လိုအပ်ချက် အဆင့်သတ်မှတ်ခြင်း |

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

<u>(က)လူမှုနှင့်သဘာဝအရင်းပြမြေပုံ နှင့် သုံးသပ်ချက်</u>



လူမှုနှင့်သဘာဂအရင်းအမြစ်ပြ မြေပုံ

**<u>လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးချက်နှင့်ဆန်းစစ်ချက်)</u>**

- လယ်ယာ၊ သစ်တော၊ တောတောင်များကိုမှီခိုပြီးအသက်မွေးဝမ်းကြောင်းပြုကြသည်။ အဓိက စီးပွားရေးလုပ်ငန်းမှာ လယ်ယာလုပ်ငန်းဖြစ်သည်။
- သောက်သုံးရေမိုးတွင်းချိန်သာဖူလုံပြီး နွေရာသီတွင်ရေခက်ခဲမှုရှိသည်။ သို့အတွက် လူထုဗဟိုပြုစီမံကိန်းမှ ရေစင်၊ ရေတွင်း၊ ရေစက်ရှံ၊ ရေပိုက်လိုင်းသွယ်တန်းခြင်းကို ( ၂၀၁၆ )ခုနှစ်ပထမနှစ် စက်ဂန်းအတွင်းကျေးရွာနှင့်ပူးပေါင်းဆောင်ရွက်ပြီးစီးခဲ့ပြီး ဖြစ်ပါ သည်။
- စိုက်ပျိုးရေးမြေယာပိုင်ဆိုင်မှုဦးရေနည်းပါးပြီး အများစုမှာကျပန်းလုပ်သားများ၊ နေ့စား လုပ်သားများ ဖြစ်ကြသည်။
- ကြပ်ကလေးကျေးရွာနှင့် ချောင်းဖျားကျေးရွာ နှစ်ရွာအကြားတွင် တည်ရှိသည်။
- ကျေးရွာသူ၊ကျေးရွာသားအားလုံးမှာ ဗမာလူမျိုးများဖြစ်ကြ၍ ဗုဒ္ဓဘာသာကိုးကွယ် ကြသည်။

**<u>ဖွံ့ဖြိုးရေးလိုအပ်ချက်</u>**

- ရွာတွင်းလမ်း
- ရွာချင်းဆက်လမ်း
- ဆိုလာမီး/အင်ဂျင်မီး
- မြေထိန်းနံရံ
- စာကြည့်တိုက်
- ဆေးပေးခန်း
- အစည်းအဝေးခန်းမ
- ဝင်ငွေတိုးလုပ်ငန်းများ
    - ကြက်၊ ဝက် မွေးမြူရေး
    - စိုက်ပျိုးရေးအတွက်ချေးငွေ

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်

(ခ) လူမှုစီးပွားအဆင့်သတ်မှတ်ခြင်းနှင့် သုံးသပ်ချက်

| အဆင့် | စံသတ်မှတ်ချက်များ | အိမ်ခြေ | ရာခိုင်နှုန်း |
|---|---|---|---|
| အဆင့်(က) | တိုက်ခံအိမ်၊လယ် (၃၅)ကေ၊ နွား ၅ ကောင် လယ်ထွန်စက်ကြီး(၁)စီး၊ Honda ဆိုင်ကယ် ၊ PSI ၊ဝမ်းစာဖူလုံမှု (၃) နှစ် | ၃၂ | ၂၄% |
| အဆင့်(ခ) | သွပ်မိုး ပြင်ထောင်အိမ်၊ လယ် (၂၀) ကေ ၊ နွား (၂)ကောင် ၊ လယ်ထွန်စက်အသေး၊ ဆိုင်ကယ်၊ ဝမ်းစာဖူလုံမှု (၂) နှစ် | ၅၈ | ၄၃% |
| အဆင့်(ဂ) | သွပ်မိုး ထရံကာအိမ်၊ လယ် (၅)ကေ ၊ နွား(၂) ကောင် | ၄၀ | ၃၀% |
| အဆင့်(ဃ) | သက်ကယ်မိုး ထရံကာအိမ်၊ ကျပန်း အလုပ် | ၂ | ၃% |
| စုစုပေါင်း | | ၁၃၅ | 100% |


လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း

## ဥစ္စာခနေကြွယ်ဂမ္ဘူဇယား (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- ကျေးရွာတွင် ( က၊ ခ၊ ဂ၊ ဃ ) အဆင့်( ၄ ) ဆင့်သတ်မှတ်ပြီးရေးဆွဲခဲ့သည်။ (က)အဆင့် အိမ်ထောင်စုများသည် ချမ်းသာ၊ (ခ)အဆင့် အိမ်ထောင်စုများသည် အသင့်အတင့်၊ (ဂ)အဆင့် အိမ်ထောင်စုများသည် နွမ်းပါး၊ (ဃ)အဆင့် အိမ်ထောင်စုများသည် အလွန်နွမ်းပါးဟူ၍ သတ်မှတ်သည်။
- အလွန်နွမ်းပါးအုပ်စုတွင် အိမ်ထောင်စု(၃) ပါဝင်သည်။
- နွမ်းပါးသောအကြောင်းအရင်းများမှာ ကျပန်းလုပ်ငန်းများ လုပ်ဆောင်ရသောကြောင့် ပုံမှန်ဝင်ငွေမရှိခြင်း၊ မိဘများအသိပညာဗဟုသုတနည်းပါးခြင်း၊ ကလေးများအား ကျောင်းမထားနိုင်ကြခြင်း၊ အလုပ်အကိုင်အခွင့် အလမ်းနည်းပါးခြင်း။
- အစီအစဉ်ရေးဆွဲရာတွင် နွမ်းပါးသူများ၏ အားလပ်ချိန်တွင်ရေးဆွဲခြင်း၊ နွမ်းပါးသူများ နှင့် ကျေးရွာလူထု၏ သတ်မှတ်သောအဆင့်များ၊ ၎င်းတို့၏လိုအပ်ချက်များကို ဦးစား ပေး စဉ်းစားရေးဆွဲခဲ့သည်။
- ကျေးရွာအခြေခံအဆောက်အဦးများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေးဆွဲအကောင်အထည် ဖော်ရေးလုပ်ငန်းများတွင် ကျေးရွာလူထုနွမ်းပါးသူများ ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် လုပ်အားခများရရှိပြီး ဝင်ငွေများရရှိလာမည် ဖြစ်သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကျေးရွာတွင် လုပ်ကိုင်ခြင်းဖြင့် ကျေးရွာလူထုမှ အချိန်ကုန်မှုများလျော့လာပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်

(၁)ရာသီခွင်ပြက္ခဒိန်နှင့် သုံးသပ်ချက်။





ရာသီခွင်ပြက္ခဒိန်

## ရာသီခွင်ပြဇယားမှဆန်းစစ်မှုရလဒ် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- လယ်ယာလုပ်ငန်း၊ တောင်ယာလုပ်ငန်း(အဓိကဝင်ငွေရလုပ်ငန်း)။
- ထင်းခုတ်၊ ဝါးခုတ်၊  ရာသီပေါ်သီးနှံ တနိုင်တပိုင်စိုက်ပျိုးမှု (အခြားဝင်ငွေရ)။
- လယ်ယာနှင့် တောင်ယာရာသီပေါ်ချိန်ဝင်ငွေများ၊ လုပ်အားခများများရ။
- အခြားဝင်ငွေရမှု လုံလောက်မှုမရှိ။ (အိမ်တွင်းစိုက်ပျိုးသီးနှံများဖြင့် စားဝတ်နေရေး ဖြေရှင်း)။
- တန်ခူး၊ ကဆုန်၊ နယုန်၊ တော်သလင်း၊ တပေါင်းလများတွင် လုပ်အားခနည်းပါး။
- ကျန်းမာရေး-ဝါခေါင်လနှင့် တော်သလင်းလတွင် ဖျားနာတတ်သည်။
- တစ်နေ့တာအတွင်းမိသားစုလိုက် အလုပ်အကိုင်မတူ၍ အမျိုးသား နှင့် အမျိုးသမီး ဝင်ငွေမတူညီ (အမျိုးသမီးများအိမ်မှုကိစ္စများနှင့် အချိန်ကုန်)။
- အမျိုးသားများမှတာဝန်ခွဲဝေယူမှုနှင့်ကျား၊မရေးရာသိမြင်ခံစားလာအောင်ဆွေးနွေး (အိမ်မှုကိစ္စပိုင်းလုပ်လျှင် ၂-ဦးလုံးဝင်ငွေရရှိနိုင်)။
- တန်းတူညီမျှမှုနှင့် သာတူညီမျှမှုအကြောင်းဆွေးနွေး၍ဝင်ငွေတိုးစေခြင်းကိုဆွေးနွေး။

ဖ။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်

(ဃ) ပင့်ကူအိမ်ကွန်ယက်နှင့် သုံးသပ်ချက်





ပင့်ကူအိမ်ကွန်ယက်

## ပင့်ကူအိမ်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

- အမျိုးသမီးများ၏ လက်ရှိအနေအထားမှာအလုပ်အကိုင်၊ ဂင်ငွေရှာဖွေနိုင်မှု၊ အုပ်ချုပ်မှု၊ လုံခြုံမှုနှင့်အဖွဲ့အစည်းပူးပေါင်းပါဂင်မှုတို့ အားနည်းသည်ကိုတွေ့ရသည်။
- အမျိုးသားများ၏အလုပ်အကိုင်၊ ဂင်ငွေရှာဖွေနိုင်မှု၊ လုံခြုံမှုတို့တွင် အားကောင်းပြီး အမျိုးသမီးများအနေဖြင့် အားနည်းနေသည်ကိုတွေ့ရသည်။ အမျိုးသမီးများမှာ အိမ်တွင်းမှုတွင်သာရာနှုန်းပြည့်နီးပါးဖြစ်နေပါသည်။
- အမျိုးသမီးများသည် အိမ်တွင်းမှုတွင် အချိန်ကုန်နေရပြီးလုံခြုံမှုနည်းပါးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်း၊ ဂင်ငွေရှာဖွေနိုင်မှု နည်းပါးခြင်း။
- ကျေးရွာတွင် အမျိုးသမီးသီးသန့် အသိပညာပေးဆွေးနွေးပွဲများ၊ လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ချက် ချပိုင်ခွင့်နှင့် လုပ်အားခများတန်းတူပေးခြင်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများအားလက်တွဲခေါ်ခြင်းဖြင့် ကူညီနိုင်သည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်

(င) အရင်းအမြစ်များအပေါ် အသုံးပြုမှု၊ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှုအပေါ် သုံးသပ်ချက်



အရင်းအမြစ်များအပေါ် အသုံးပြုမှု/ထိန်းချုပ်မှု


## ပိုင်ဆိုင်မှု (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- အမျိုးသမီးများပါဝင်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့တွင် ပစ္စည်းများအားအမျိုးသားများနှင့်တန်းတူပိုင်ဆိုင်နိုင်။
- အချုပ်စက်၊ မီးပူ ကဲ့သို့သော အရင်းအမြစ်များကို အမျိုးသမီးများက အသုံးပြုကြသည်။
- ဆိုင်ကယ်၊ သစ်တော၊ ချောင်း၊ ရေလှောင်ကန်၊ လမ်း၊ လယ်၊ ကိုင်း၊ ရေတွင်း၊ စသည်တို့ကဲ့သို့သော အရင်းအမြစ်များကို အမျိုးသားနှင့်အမျိုးသမီး နှစ်ဦးစလုံး အသုံးပြုကြသည်။
- အမျိုးသားနှင့်အမျိုးသမီး နှစ်ဦးစလုံးအသုံးပြုသော အရင်းအမြစ်များမှာ အလွန်များပြားသည်။ သို့သော် ထိုအရင်း အမြစ်များကို ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းတို့တွင်မူ အများအားဖြင့် အမျိုးသားများကသာ ထိန်းချုပ်ထားကြ သည်။
- အမျိုးသမီးများအနေဖြင့် ၎င်းတို့ကိုယ်တိုင် ထိန်းချုပ်ရသော( သို့ ) ဆုံးဖြတ်ချက်ချရသော အရင်းမြစ်များမှာ အလွန် နည်းပါးသည်။
- အရင်းအမြစ်များအား ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ခြင်းတို့တွင် အမျိုးသမီးများသည်လည်း အမျိုးသားများနှင့် တန်းတူပြုလုပ်နိုင်ကြောင်း၊ တန်းတူပိုင်ဆိုင်ခွင့်ရှိကြောင်း၊ ဆွေးနွေးခြင်းဖြင့် အမျိုးသားနှင့်အမျိုးသမီး တန်းတူညီမျှမှု ရှိ ပေလိမ့်မည်။

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်

### (စ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံနှင့်သုံးသပ်ချက်





**အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ**

**<u>အဖွဲ့ အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)</u>**

ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကဦးဆောင်သည်။ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့တွင် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ကျေးရွာရပ်မိရပ်ဖများလည်း ပါဝင်ကြသည်။အမျိုးသားများသာ ပါဝင်ဖွဲ့စည်း ထားသည်။


လူငယ်ပရဟိတအဖွဲ့သည် ကျေးရွာ၏သာရေးနာရေးများနှင့် လူမှုရေးလုပ်ငန်းများကို အုပ်ချုပ်ရေးအဖွဲ့နှင့်ချိတ်ဆက် ဆောင်ရွက်သည်။လူငယ်ပရဟိတအဖွဲ့တွင် အမျိုးသမီးများလည်း ပါဝင်ကြသည်။ ၎င်းတို့သည် ကျေးရွာသာရေး၊ နာရေးများ၌ ချက်ရေးပြုတ်ရေးနှင့် ကျွေးမွေးဧည့်ခံရေးတို့တွင် အမျိုးသားများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြ သည်။

လူထုဗဟိုပြု နှင့် မီးသတ်အဖွဲ့ စသည်တို့သည်လည်း အုပ်ချုပ်ရေးအဖွဲ့နှင့်ချိတ်ဆက်၍ ကျေးရွာ၏ဖွံ့ဖြိုးရေး ကို ဆောင်ရွက်ကြသည်။

ကျေးရွာရှိ အုပ်ချုပ်ရေးအဖွဲ့သည် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်နေသကဲ့သို့ လူထုဗဟိုပြုစီမံကိန်း အထောက်အကူပြုအဖွဲ့ နှင့် မီးသတ်အဖွဲ့ စသည်တို့သည်လည်း သက်ဆိုင်ရာမြို့နယ်အဖွဲ့အစည်းများနှင့် အသီးသီး ချိတ်ဆက်၍ ကျေးရွာဖွံ့ဖြိုးရေးကို ဆောင်ရွက်ကြသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်

(ဆ)အမျိုးသမီး၊ အမျိုးသားအုပ်စုများ၏ အခက်အခဲ ပြဿနာများကိုသုံးသပ်ချက်။




အခက်အခဲ ပြဿနာများ

## အခက်အခဲပြဿနာများ(ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)

### အမျိုးသားများမှ တင်ပြသောအခက်အခဲ/ပြဿနာများ

အသက်(၈၀)ရှိနေ၍ မျက်စိ၊ နား မကောင်းသည့်အခက်အခဲ၊ မူလတန်းကျောင်းခြံစည်း ရိုးမကောင်းခြင်း အခက်အခဲ၊ ရိုးကောခြင်း၊ ကျောင်းလမ်းတံတားမကောင်း၍ ကျောင်းသားများ ကျောင်းသွားရန် ခက်ခဲခြင်း၊ ချောင်းကမ်းပါးပြိုခြင်း၊ ဆင်ဝိုင်းရပ်ကွက် ရေတူးမရခြင်း၊ မိုးတွင်း အခါ ချောင်းကူး၍ သွားလာရသောကြောင့် အဆင်မပြေခြင်း။

### အမျိုးသမီးများမှ တင်ပြသောအခက်အခဲ/ပြဿနာများ

အလုပ်အကိုင်ရှားပါးခြင်း၊ ရေရှားခြင်း၊ သဲကြီးရွယ်အိုများ ကျန်းမာရေး စောင့်ရှောက်မှု အခက်အခဲ၊ လမ်းပန်းဆက်သွယ်ရေး မကောင်းခြင်း၊ ဆေးပေးခန်းမရှိခြင်း။


အမျိုးသားများအဆိုပြုသောအခက်အခဲများနှင့် အမျိုးသမီးများအဆိုပြုသော အခက်အခဲများ အများအားဖြင့်တူညီ နေကြသည်။ အမျိုးသမီးများသည် ၄င်းတို့ကျေးရွာ၏အခက်အခဲများကို အမျိုးသားများထက် များစွာဖော်ထုတ်ခဲ့ကြသည်။

အထက်ဖော်ပြပါ အခက်အခဲများကို သုံးသပ်ခြုံငုံရလျှင် ကျောက်ပါးစပ်ကျေးရွာနေ မိဘပြည်သူများသည် လမ်းပန်းဆက်သွယ်ရေး မကောင်းမှု အဓိကအားဖြင့် အခြားရွာသို့မိုး တွင်းအခါ သွားလာရလျှင် ချောင်း ၃ ချောင်းကို ဖြတ်ကျော်၍ ခရီးဆက်ရသောကြောင့် ချောင်း ရေကျလာလျှင် အသက်အန္တရာယ်ကြားမှ အသက်စွန့်ပြီး ဝမ်းစာ ရှာဖွေစားသောက်ရ ကြောင်း တွေ့ရှိရပါသည်။

အမျိုးသားများသည် ရုပ်ဝတ္ထုပိုင်းကိုသာ အဓိကထားကြသည်။ အမျိုးသမီးများကမူ အခြား အခြားသော ၄င်းတို့ကျေး ရွာအတွက် အခြေခံကြသော အခက်အခဲများကို ဖော်ထုတ် နိုင်ခဲ့ကြသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်

<u>(၉)ကျေးရွာမျှော်မှန်းချက် နှင့်သုံးသပ်ချက်။</u>




ကျေးရွာမျှော်မှန်းချက်များ

## ကျေးရွာမျှော်မှန်းချက်များ( ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် )


အမျိုးသားများအနေဖြင့် ၎င်းတို့ကျေးရွာဖွံ့ဖြိုးရေးအတွက် မျှော်မှန်းကြရာတွင် အပေါ်ရွာ လမ်းကျောက်ခင်းလမ်းဖြစ်ရမည်၊ ဘုန်းကြီးကျောင်း တိုက်ကျောင်းဖြစ်ရမည်၊ လျှစ်စစ်မီးလင်းရမည်၊ ဆင်ဝိုင်းတာကို ထပ်ဆင့်တိုးမြှင့် နိုင်ရမည်၊ ဆက်သွယ်ရေး လမ်းကောင်းရမည်၊ ချောင်းကူးရေး ကောင်းမွန်နေရမည်၊ ပညာရေးကို လက်ရှိထက် တိုးတက် စေရမည် စသည် ဖြင့် မျှော်မှန်းချက်များ ရှိကြ သည်။

အမျိုးသမီးများသည်လည်း အမျိုးသားများနည်းတူ ကျေးလက်ဆေးပေခန်းရှိရမည်၊ ကိုင်းသာ-ကျောက်ပါးစပ်ကျောက်ချောလမ်းဖြစ်ရမည်၊ တောင်ပေါ်ရွာလမ်း ကျောက်ခင်းလမ်းဖြစ်ရမည်၊ လျှပ်စစ်မီးလင်းရမည်၊ စက်ရေတွင်းရှိရမည် မူကြိုကျောင်းရှိ ရမည် မျှော်မှန်း ထားကြသည်။

အမျိုးသမီးများသည် အမျိုးသားများနှင့် မတူညီသောမျှော်မှန်းချက်များရှိကြသည်။ အိမ်တွင်း မှုကိစ္စများကို အများအားဖြင့် အမျိုးသမီးများကသာ လုပ်ဆောင်ကြရသည့်အတွက် အမျိုးသားများနှင့် မတူညီသော အိမ်တွင်းမှုနှင့်ဆက်စပ်သော မျှော်မှန်းချက်အချို့ကို အမျိုး သမီးများက မျှော်မှန်းထား ကြသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်

(ဈ)ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှုများနှင့် သုံးသပ်ချက်။




ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းလိုအပ်ချက်များ

## ကျေးရွာဖွံ့ဖြိုးရေးအတွက်လိုအပ်သောလုပ်ငန်းများ( ဆွေးနွေးခြင်းနှင့် ဆန်းစစ်ချက် )

ကျေးရွာဖွံ့ဖြိုးရေးအတွက်လိုအပ်သောလုပ်ငန်းများကို အမျိုးသား နှင့် အမျိုးသမီး တစ်ဖက်ဆီ ဖော်ထုတ်၍ အပြန်အလှန်သုံးသပ်ခဲ့ကြခြင်း ဖြစ်သည်။ ကျေးရွာ၏ လိုအပ်ချက်များကို စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အဘက်ဘက်မှ ခြုံငုံသုံးသပ်ခဲ့ကြသည်။

<u>အမျိုးသားများအဆိုပြုသော လုပ်ငန်များ</u>

- စာသင်ကျောင်းလမ်းကွန်ကရစ်ခင်းခြင်းနှင့် ဂုံးပေါက်
- ရေကာန်ရံ
- ရွာတွင်း ကွန်ကရစ်လမ်း
- မူကြိုကျောင်း


<u>အမျိုးသမီးများအဆိုပြုသော လုပ်ငန်းများ</u>

- အုတ်ရေတွင်း
- မူကြိုကျောင်း
- လက်မှုသင်တန်း
- ရွာတွင်းကွန်ကရစ်လမ်း

အမျိုးသားနှင့်အမျိုးသမီး အဆိုပြုသောလုပ်ငန်းများ အများအားဖြင့် တူညီကြသည်။ ရွာတွင်းချောင်းကျောက်လမ်းလုပ်ငန်းမှာ အမျိုးသားနှင့်အမျိုးသမီး နှစ်ဦးစလုံး ဆန္ဒပြင်းပြကြသည်။ ရွာတွင်းရွာပြင်လမ်းများကောင်းမွန်ပါက ကျောင်းသားများသွားလာရေး လွယ်ကူနိုင်မည်။ ဒေသထွက်သီးနှံများရောင်းဝယ်ဖောက်ကားရာတွင် အဆင်ပြေချောမွေ့နိုင်သဖြင့် စီးပွားရေးအဆင်ပြေ နိုင်မည်။စီးပွားရေးအဆင်ပြေလျှင် ကျေးရွာဖွံ့ဖြိုးရေးကိုလည်း စွမ်းစွမ်းတမန် ဆောင်ရွက်နိုင်ကြလိမ့်မည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်

<u>(ည)ကျေးရွာဦးစားပေးလုပ်ငန်းများအဆင့် သတ်မှတ်ချက်။</u>




ကျေးရွာဦးစားပေးလုပ်ငန်းပြပုံ

## ဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက်( ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် )

ကြပ်ကလေးအုပ်စု၊ အလယ်ရွာ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအဆင့်သတ်မှတ် ရာတွင် မဲပေးခြင်းစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။ထိုသို့ မဲပေးရွေးချယ်ရာတွင် မဲအများဆုံးဖြစ်သော စာသင်ကျောင်းလမ်း ကွန်ကရစ်ခင်းခြင်းနှင့်ဂုံးပေါက် ဦးစာပေး(၁)အဖြစ်လည်းကောင်း၊ ဒုတိယမဲအများဆုံး တာလုံးဖော်ချောင်းကျောက်ခင်းခြင်းလုပ်ငန်းအား ဦးစားပေး(၂)အဖြစ်လည်းကောင်း၊ တတိယမဲအများဆုံး ရွာတွင်းကွန်ကရစ်လမ်း လုပ်ငန်းအား ဦးစားပေး(၃) အဖြစ်လည်းကောင်း၊ ရွေးချယ်ခဲ့ကြပါသည်။ ထို့အပြင် မူကြိုကျောင်းအား ဦးစားပေး(၄) အဖြစ်လည်းကောင်း၊ အုတ်ရေတွင်းလုပ်ငန်းအား ဦးစားပေး(၅) အဖြစ်လည်းကောင်း စသည်ဖြင့် မဲစဉ်အလိုက် အသီးသီးရွေးချယ်ခဲ့ကြပါသည်။

အဓိကဦးစားပေးလုပ်ငန်းမှာ စာသင်ကျောင်းလမ်း ကွန်ကရစ်ခင်းခြင်းနှင့်ဂုံးပေါက် လုပ်ငန်း ဖြစ်သည်။ လမ်းများ ကောင်းမွန်ပါက ကျေးရွာလူထုအားလုံး သွားလာရေးအဆင်ပြေနိုင်မည်။ ကျောင်းသားများလည်း အဆင်ပြေနိုင်မည်။ သီးနှံများရောင်းဝယ်ဖောက်ကားရာတွင် အဆင်ပြေချောမွေ့နိုင်သဖြင့် စီးပွားရေအဆင်ပြေ၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုလုပ်ဆောင်နိုင် ပေလိမ့်မည်။

လူမှုဆန်းစစ်ခြင်းများအား ကျေးရွာလူထုကိုယ်တိုင်မှ ပူးပေါင်းပါဝင်ရေးဆွဲနေပုံ





# ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီဝင်များစာရင်း

| စဉ် | တာဝန် | ရာထူး | အမည် | ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁။ | ကျေးရွာစီ/ထောက် ကော်မတီ | ဥက္ကဋ္ဌ | ဦးဝင်းကို | 09.775514100 |
| | | ဥက္ကဋ္ဌ | ဒေါ်မေသူ | 09.80535984 |
| ၂။ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးလင်းလင်းထွန်း | 09.84517876 |
| | | အဖွဲ့ဝင် | ဒေါ်ယဉ်မျိုးနွယ် | |
| | | အဖွဲ့ဝင် | ဒေါ်စန္ဒာလင်း | |
| ၃။ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးထွန်းထွန်း | |
| | | အဖွဲ့ဝင် | ဦးကျော်မင်းဦး | |
| | | အဖွဲ့ဝင် | ဒေါ်တင်မိုးခိုင် | |
| ၄။ | လည်ပတ်/ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးတင်ထွန်းဦး | |
| | | အဖွဲ့ဝင် | ဦးစိုးသူဝင်း | |
| | | အဖွဲ့ဝင် | ဒေါ်စောဌေး | |
| ၅။ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးတင်အောင်ထွန်း | 09.794778023 |
| ၆။ | ဝေဖန်အကြံပြုတိုင်ကြား ဖြေရှင်းရေး | အဖွဲ့ဝင် | ဒေါ်စန္ဒာဌေး | |
| | | အဖွဲ့ဝင် | ဦးဝင်းဇော်ဦး | |
| ၇။ | ကျေးရွာစေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးသန့်ဇင်ဝင်း | 09.773827900 |
| | | အဖွဲ့ဝင် | ဒေါ်တင်မာဦး | 09.783514230 |

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦးချစ်ဇော်ဝင်း | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် 09.772804728 | လူထုစည်းရုံးရေးမှူး၏ အမည် ဦးကျော်မိုးဝင်း |
|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ဧရာဝတီ မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ကြံ့ပင်စု | ကျေးရွာ ကျောက်မျှော်စဉ် |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၁၃၃ | ဘာသာ (၁) ဗုဒ္ဓဘာသာ | ၁၃၃ |
| လူမျိုးစု (၂) ရခိုင် | ၂ | ဘာသာ (၂) ဗုဒ္ဓဘာသာ | ၂ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော -------------- | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ကျား-၁ ၊ မ-၂ | | ၁၃၅ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား-၇ ၊ မ-၁၁ | | ၂ / ၁၃ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၂၃၃ | ၄၄၃ |
| လူမျိုးစု (၁) ဗမာ | ၂၃၀ | ၄၄၀ |
| လူမျိုးစု (၂) ရခိုင် | ၃ | ၃ |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၁၂၈ | ၇ |

### (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း **(မြေသားလမ်း)** လူသွားလမ်း အခြား ____________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ဝိုင်းပါ ရှိပါသည်✓/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် ၂၀၁၅ /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်✓/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၈.၅ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၃၅ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်✓/ခြေလျှင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန် ၂၀ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်✓/ခြေလျှင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ၂၀၀၉ [illegible]

**(၈) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ကျောင်းကော်မတီ

(၂) ဆိုလာမီးလင်းရေးအဖွဲ့

(၃) လူထုဗဟိုပြုအဖွဲ့

ကျေးရွာခေါင်းဆောင် — အမည် ဦးချစ်အောင်

လက်မှတ် ချစ်အောင် နေ့စွဲ ၁၇-၁-၂၀၁၇

လူထုစည်းရုံးရေးမှူး — အမည် ဦးကျော်မိုးဝင်း

လက်မှတ် [illegible] နေ့စွဲ ၁၇-၁-၂၀၁၇

# ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးကျော်မိုးဝင်း | | | |
| နေ့စွဲ ၁၇.၁.၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ကြို့ပင်ရှ | ကျေးရွာ တောင်ကုန်းပါးစပ် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၇.၁.၁၇ | ၁၇.၁.၁၇ | ၃၆ | ၅၀ | ၈၆ | ဗမာ-၈၄ ၊ ရခိုင်-၂ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၇.၁.၁၇ | ၁၇.၁.၁၇ | ၃၆ | ၅၀ | ၈၆ | ဗမာ-၈၄ ၊ ရခိုင်-၂ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၃.၁.၁၇ | ၂၃.၁.၁၇ | ၁၅ | ၁၄ | ၂၉ | ရခိုင်(၁)၊ ချင်း(၁)၊ ဗမာ(၂၇) |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁၄.၂.၁၇ | ၁၆.၂.၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၁၇.၂.၁၇ | ၁၇.၂.၁၇ | ၆ | ၆ | ၁၂ | ချင်း(၁)၊ ရခိုင်(၁)၊ ဗမာ(၁၀) |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁.၃.၁၇ | ၁.၃.၁၇ | ၂၂ | ၉ | ၃၁ | ဗမာ-၃၁ |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | ၁.၃.၁၇ | ၁.၃.၁၇ | ၂၂ | ၉ | ၃၁ | ဗမာ-၃၁ |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၁.၃.၁၇ | ၁.၃.၁၇ | ၂၂ | ၉ | ၃၁ | မမှာ-၃၁ |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၁.၃.၁၇ | ၁.၃.၁၇ | ၂၂ | ၉ | ၃၁ | မမှာ-၃၁ |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၁.၃.၁၇ | ၁.၃.၁၇ | ၂၂ | ၉ | ၃၁ | မမှာ-၃၁ |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | ၄/၇/၁၇ | ၄/၇/၁၇ | ၂၈ | ၁၁ | ၆၃ | မမှာ-၆၃ |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | ။ | ။ | ။ | ။ | ။ | ။ |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးကျော်မိုးဝင်း | | | |
| နေ့စွဲ ၁၇-၁-၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း မကွေး | ကြံခင်း မြို့နယ် | ကျေးရွာအုပ်စု ကြို-ပင်ဆု | ကျေးရွာ ကျောက်ကပါးစပ် |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | အသက်မွေးဝမ်းဖြစ်ရေး မျက်စိ၊ နှား မကောင်းပါ | ၁ | အလုပ်ရှားပါးခြင်း |
| ၂ | မူလတန်းကျောင်း ဖွဲ့စည်းပုံ မကောင်းပါ | ၂ | ရေရှားခြင်း |
| ၃ | ရိုးကော ခြင်း | ၃ | သက်ကြီးရွယ်အို ကျန်းမာရေး စောင့်ရှောက်မှု အခက်ခဲ |
| ၄ | ကျောင်းဆောင်းမကောင်း၍ ကျောင်းသားများ သွားလာရေး ခက်ခဲခြင်း | ၄ | လမ်းပန်းဆက်သွယ်ရေး မကောင်းခြင်း |
| ၅ | ကမ်းပါးပြိုခြင်း | ၅ | ကျန်းမာရေးအတွက် ဆေးပေးခန်း မရှိခြင်း |
| ၆ | ဆင်ရိုင်းကွာရေး တွင်းတူးမရပါ | ၆ | |
| ၇ | မိုးတွင်း ရေကြီး၍ သွားလာရေး ခက်ခဲခြင်း | ၇ | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ရွာပေါ်ရွာလမ်း ကျောက်ခင်းလမ်း ဖြစ်ရမည်။ | ၁ | ကျေးလက်ဆေးပေးခန်း ရှိရမည်။ |
| ၂ | ရွာပေါ်ဘုန်းကြီးကျောင်း တိုက်ကျောင်း ဖြစ်ရမည်။ | ၂ | ကိုင်း၊ သာ၊ ကျောက်မီးဝပ် ကျောက်ချောလမ်း ဖြစ်ရမည်။ |
| ၃ | တစ်ရွာလုံး လျှပ်စစ်မီးလင်းရမည်။ | ၃ | ကျေးရွာပေါ်ရွာဝင်လမ်း ကျောက်ခင်းလမ်း ဖြစ်ရမည်။ |
| ၄ | ဆင်ရိုင်းကာကွယ်ရေး တိုးမြှင့်နိုင်ရမည်။ | ၄ | လျှပ်စစ်မီး လင်းရမည်။ |
| ၅ | ဆက်သွယ်ရေးလမ်း ကောင်းရမည်။ | ၅ | စက်ရေတွင်း ရှိရမည်။ |
| ၆ | ချောင်းကူးတံတား ကောင်းမွန်စေရမည်။ | ၆ | မူကြိုကျောင်း ရှိရမည်။ |
| ၇ | ပညာရေးကို လက်ရှိထက် တိုးတက်စေရမည်။ | ၇ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | စာသင်ကျောင်းကွန်ကရစ်လမ်း၊ တံတား | အမျိုးသား+အမျိုးသမီး | ၄၅ သိန်း | ၅၀ |
| ၂ | [illegible] | 〃 | ၂၃ သိန်း | ၄၄၃ |
| ၃ | ရွာတွင်းကွန်ကရစ်လမ်း | 〃 | | ၄၄၃ |
| ၄ | မူကြိုကျောင်း | 〃 | | ၃၀ |
| ၅ | အုတ်ရေတွင်း | အမျိုးသမီး | | ၄၄၃ |
| ၆ | [illegible] | အမျိုးသား+အမျိုးသမီး | | ၄၄၃ |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ချောင်းကူးကြိုးတံတား | အမျိုးသား+အမျိုးသမီး | |
| ၂ | အားပေးခန်း | အမျိုးသမီး | |
| ၃ | ပျိုးပင်စိုက်ခင်း | အမျိုးသမီး+သား | |
| ၄ | လက်မှုသင်တန်း | | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဦးဝင်းကို--- လက်မှတ် ---(လက်မှတ်)--- နေ့စွဲ---၁၇-၁-၂၀၁၇---

လူထုဖော်ဆောင်သည့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (ပြည်သူ့ဗဟိုပြုစီမံကိန်း)

အပိုင်း-၃ ၉.၉.၂၀၁၅

ပုံစံPC-၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ

လမ်းညွှန်ချက်။ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦးကျော်မိုးဝင်း၊ ဒေါ်ခင်[illegible]

နေ့စွဲ ၂၃.၁.၂၀၁၅

စီမံကိန်းအားအကောင်အထည်ဖော်သည့်နှစ် ☑စက်ဝန်း(၁) ☐စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄)

| ပြည်နယ်/တိုင်း | မြို့နယ် | ကျေးရွာအုပ်စု |
|---|---|---|
| ရခိုင် | ကျော်ကော် | ကြို့ပင်စု |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အသိမှတ်ပြုသူ | ခန့်မှန်းတန်ဖိုးကျပ်(သိန်း): စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ကံရှာ (တောက်ရှု) | ① ကျောက်ကရစ်လမ်း<br>② ဘိုးတော်ကျွန်း<br>③ တာလုံးပေါက်ကျောက်ကျောက်ခင်းခြင်း | ၇၀၀'×၁၀'×၀'-၈"<br>၁၀'×၁၀'×၆'-၆"<br>၁၀၅၀'×၈'×၀'-၆" | ၅၄၈ | ☐အမျိုးသား<br>☐အမျိုးသမီး<br>☑အမျိုးသားနှင့်အမျိုးသမီး | ၁၂၁ သိန်း | | | | ၁၂၁ သိန်း |
| ကြို့ပင်စု | တာလုံးမော်ကျောက်ကျောက်ခင်းခြင်း | ၆၀၀'×၁၂'×၀'-၉" | ၁၄၀၁ | ☐အမျိုးသား<br>☐အမျိုးသမီး<br>☑အမျိုးသားနှင့်အမျိုးသမီး | ၅၆ သိန်း | | | | ၅၆ သိန်း |
| တိုင်းသာ | ကျောက်ကရစ်လမ်း | ၄၀၀'×၁၀'×၀'-၆" | ၆၅၄ | ☐အမျိုးသား<br>☐အမျိုးသမီး<br>☑အမျိုးသားနှင့်အမျိုးသမီး | ၅၅ သိန်း | | | | ၅၅ သိန်း |

လူထုဗဟိုပြုပီစီမံကိန်းစီမံကိန်းလက္ခဏာ

အပိုင်း-၃ ၉.၉.၂၀၁၅

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ကျောက်ပါးစပ | ၁ ကွန်ကရစ်လမ်း<br>၂ ဂိုးပေါက်<br>၃ တာလုံးဖော | ၂၄၀'x၇'x၀'-၆"<br>၁၄'x၁၀'x၅'-၀"<br>၁၇၀၀'x၈'x၀-၆" | ၄၄၃ | ☐အမျိုးသား<br>☐အမျိုးသမီး<br>☐အမျိုးသားနှင့်<br>အမျိုးသမီး | ၆၈ သိန်း | | | | ၆၈ သိန်း |
| | ချောင်းကျောက်ခင်းခြင်း | | | ☐အမျိုးသား<br>☐အမျိုးသမီး<br>☐အမျိုးသားနှင့်<br>အမျိုးသမီး | | | | | |
| လပါကျ | ၁ တံတား<br>၂ ဂိုးပေါက် | ၂၀'x၁၀'x၉'<br>၁၂'x၁၀'x၇'-၀" | ၉၈ | ☐အမျိုးသား<br>☐အမျိုးသမီး<br>☐အမျိုးသားနှင့်<br>အမျိုးသမီး | ၁၃၀ သိန်း | | | | ၁၃၀ သိန်း |
| | ၃ ဆက်သွယ်ရေး လမ်းချောင်း ကျောက်ခင်းခြင်း | ၄၀၀၀'x<br>၁၀'x၀-၆" | | ☐အမျိုးသား<br>☐အမျိုးသမီး<br>☐အမျိုးသားနှင့်<br>အမျိုးသမီး | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ  အမည် ဦးသန်းစိုး ၊ ဒေါ်ခင်ဌေးဝင်

လက်မှတ် [signature]  ရက်စွဲ ၂၃-၁-၂၀၁၇

ဒေါ်ခင်ဌေးဝင်  ဦးသန်းစိုး

# <u>အစည်းအဝေးမှတ်တမ်း</u>

**လူထုဖော်ပြီးစီမံကိန်း**(ဒုတိယနှစ်စက်ဝန်း)

**ကျေးရွာအုပ်စု - ကြို့ပင်စု** **ပထမအကြိမ်ကျေးရွာအစည်းအဝေး**

**ကျေးရွာ - ကျောက်ပါးစပ်** ` **ရက်စွဲ- ၁၁/၁၂/၂၀၁၆**

ကျောက်ပါးစပ်၏ ပထမအကြိမ်ကျေးရွာအစည်းအဝေးကို (11/12/2016)ရက်နေ့တွင် ရပ်မိရပ်ဖတစ်ဦး၏နေအိမ်၌ကျင်းပခဲ့ပါသည်။ အစည်းအဝေးကို နံနက်(၉)နာရီတွင် စတင်ခဲ့ပါသည်။ရပ်မိရပ်ဖတစ်ဦးမှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ဆက်လက်၍ ဝန်ထမ်းများမှ မိတ်ဆက်၍ လူထုစည်းရုံးမှုးမှ စီမံကိန်းမိတ်ဆက်ခြင်းနှင့် စီမံကိန်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပါသည်။ဆက်လက်၍ အဓိကပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာစေတနာဝန်ထမ်း ကျား/မ (၂)ဦးကို ရွေးချယ်ခဲ့ပါသည်။ထို့နောက် ဆောင်ရန်/ရှောင်ရန်များကို ပြောကြားခဲ့ပြီး (၁၁း၄၅) နာရီတွင် နေ့လည်ထမင်းစားချိန် ခေတ္တရပ်နားခဲ့ပါသည်။

နေ့လည်(၁း၀၀)နာရီတွင် အစည်းအဝေးကို ပြန်လည်စတင်ခဲ့ပြီး ဖွဲ့စည်းရန်ကျန်ရှိနေသော ကော်မတီများကို ဆက်လက်ဖွဲ့စည်းခဲ့ပါသည်။(၂၀၁၆)ခုနှစ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ကော်မတီဝင်များလည်း ကျေးရွာလူထု၏ဆန္ဒ၊ မိမိတို့၏ဆန္ဒများဖြင့် ဆက်လက်တာဝန်ထမ်းဆောင်ခြင်း/မဆောင်ခြင်းကို ဆန္ဒပြုရွေးချယ်ခဲ့ကြပါသည်။ ထို့နောက်တွင် လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ၊ ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း၊ အရင်းအမြစ် ပိုင်ဆိုင်/ထိန်းချုပ်မှု၊ ပင့်ကူအိမ်သုံးသပ်ခြင်း၊ အခက်အခဲများ၊ မျှော်မှန်းချက်များ စသည့် လူမှုဆန်းစစ်ခြင်းများကို ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။ထို့နောက်တွင် ပထမအကြိမ်ကျေးရွာအစည်းအဝေးအား ညနေ ၄ နာရီတွင်ရပ်နားခဲ့ပါသည်။

**လူထုစည်းရုံးရေးမှုး**

# အစည်းအဝေးမှတ်တမ်း

**လူထုဗဟိုပြုစီမံကိန်း**( ဒုတိယနှစ်စက်ဝန်း)

**ကျေးရွာအုပ်စု - ကြို့ပင်စု** **ဒုတိယအကြိမ်ကျေးရွာအစည်းအဝေး**

**ကျေးရွာ ကျောက်ပါးစပ်** **ရက်စွဲ - ၁၂/၁၂/၂၀၁၆**

ဒုတိယအကြိမ် ကျေးရွာအစည်းအဝေးကို (12/12/2016)ရက်နေ့တွင် ဆက်လက်ကျင်းပခဲ့ပါသည်။ အစည်းအဝေးကို နံနက်( ၉ )နာရီတွင်စတင်ခဲ့ပါသည်။ ပထမဆုံးအနေဖြင့် ပထမအစည်းအဝေးတွင် ကျန်ရှိနေသေးသော လူမှုဆန်းစစ်ခြင်း(PRA TOOL)များအား ဆက်လက်ဆွေးနွေးခဲ့ကြပါသည်။ဆက်လက်၍ ဆွေးနွေးထားသောလူမှုဆန်းစစ်ခြင်းများအား ပြန်လည်အနှစ်ချုပ်ခဲ့ကြပါသည်။ ထို့နောက် နံနက် (၁၁း၀၀)နာရီတွင် နေ့လည်စာစားချိန် အစည်းအဝေးကို ခေတ္တရပ်နားခဲ့ပါသည်။

နေ့လည်( ၁၂း၃၀ )နာရီတွင် အစည်းအဝေးကို ပြန်လည်စတင်ခဲ့ပါသည်။ နေ့လည်ခင်းအစည်းအဝေးတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို အမျိုးသားနှင့် အမျိုးသမီး တစ်ဖက်ဆီ ဖော်ထုတ်၍ သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။ဆက်လက်၍ ကျေးရွာဖွံ့ဖြိုးရေးအတွက် ဦးစားပေးလုပ်ငန်းများကို ရွေးချယ်၍ ရွေးချယ်ထားသော လုပ်ငန်း( ၅) ခုအနက်မှ ဦးစားပေးသတ်မှတ်နိုင်ရန် လျို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။ ထိုသို့မဲပေးရွေးချယ်ရာတွင် မဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၁) အဖြစ်လည်းကောင်း၊ ဒုတိယမဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၂) အဖြစ်လည်းကောင်း၊ တတိယမဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၃)အဖြစ်လည်းကောင်း စသည်ဖြင့် ဦးစားပေးလုပ်ငန်းများအား မဲစဉ်အလိုက်အသီးသီး ရွေးချယ်ခဲ့ကြပါသည်။ထို့နောက် ကျေးရွာရပ်မိရပ်ဖတစ်ဦးမှ ကျေးဇူးတင်စကားပြောကြား၍ ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို ညနေ (၃း၃၀)နာရီတွင် ပိတ်သိမ်းခဲ့ပါသည်။

အစည်းအဝေးပိတ်သိမ်းပြီးနောက်တွင် ကျေးရွာလူထုမှ ရွေးချယ်ထားခဲ့ကြသော ကျေးရွာစီ/ထောက်ကော်မတီဝင်များမှ ၎င်းတို့၏ကိုယ်ရေးအချက်အလက်များကို ၎င်းတို့ကိုယ်တိုင်ဖြည့်သွင်း၍ ဆောင်ရန်/ရှောင်ရန်များအား လက်မှတ်ရေးထိုးခဲ့ကြပါသည်။

**လူထုစည်းရုံးရေးမှူး**

## ၁၄။ ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | ရွာပြင်၊ရွာတွင်းချောင်းကျောက်လမ်း | း / မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | ၊ရွာတွင်းချောင်းကျောက်လမ်း | ကျား | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၃ | အစည်းဝေးခန်းမ | း / မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၄ | ကွန်ကရစ်ဘီးလမ်း | ကျား | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၅ | ကွန်ကရ စ်လမ်း | ကျား | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | ၁ | စိုက်ပျိုးရေးသင်တန်းများ | မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | စက်ချုပ်သင်တန်း | မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | ဆေးပေးခန်း | ကျား | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | ဆေးဝါးထောက်ပံ့မှု | မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | ၁ | စာသင်ကျောင်း | ကျား | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၁ | မီးသတ်ရေကန် | ကျား | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | | | | | |
| | ၃ | | | | | |